ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၄၄ /၂၀၁၆)

| | | |
|---|---|---|
| Mr.Song Kwanbok(ပိုင်ရှင်)<br>Mr.Song Sewoong(GM)<br>MDM Industry Co.,Ltd<br>အမှတ်(၂၆၂)၊ ကနောင်(၃)လမ်း၊ စက်မှုဇုန်(၁)<br>ရွှေပြည်သာမြို့နယ်။ | } | လျှောက်ထားသူ |

နှင့်

| | | |
|---|---|---|
| ဒေါ်ငြိမ်းငြိမ်းအေးပါ(၃)ဦး<br>ဘုရားလမ်း၊ ကျန်စစ်သားအိမ်ရာ၊<br>လှိုင်သာယာမြို့နယ်။ | } | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၇ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ကနောင်(၃)လမ်း၊ အမှတ်(၂၆၂)ရှိ MDM Industry Co.,Ltd ပိုင်ရှင် Mr.Song Kwanbok နှင့် အလုပ်သမား ဒေါ်ငြိမ်းငြိမ်းအေးပါ(၃)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၅၃/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇွန် လ ၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ပယ်ခြင်းခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေးတောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ ၂၀၁၆ခုနှစ်၊ ဧပြီလ ၉ ရက်နေ့နံနက် ၉:၃၀ နာရီတွင် အလုပ်ချိန်၌ စက်ရုံအတွင်း ပျော်ပွဲရွှင်ပွဲလုပ်ရာ အလုပ်သမား ၆၀ ဦးခန့် ကခုန်ကြသည်ကို အကြောင်းပြု၍ ၂၂-၄-၂၀၁၆ ရက်နေ့တွင် ဒေါ်ငြိမ်းငြိမ်းအေးပါ (၃)ဦး အလုပ်ထုတ်ခံခဲ့ရသည်ဖြစ်ရာ အလုပ်ထုတ်နစ်နာကြေး ရထိုက်၊ မရထိုက်။(သို့မဟုတ်) အလုပ်ပြန်ခန့်ထိုက်၊မထိုက်။

ဆုံးဖြတ်ချက်အမှတ်(၁)။ (က)တောင်းဆိုသူ ဒေါ်ငြိမ်းငြိမ်းအေးနှင့် ဒေါ်လှလှဝင်းတို့အား အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် အလုပ်ရှင်မှ အောက်ပါအတိုင်းပေးလျော်စေရန်နှင့် လုပ်သက်ခွင့်လက်ကျန်ရှိပါက တွက်ချက်ထုတ်ပေးရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | နို့တစ်ကြေး | နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဒေါ်ငြိမ်းငြိမ်းအေး | ၁၁၈၀၀၀ိ/- | ၁၁၈၀၀၀ိ/- | ၂၃၆၀၀၀ိ/- |
| ၂ | ဒေါ်လှလှဝင်း | ၁၁၈၀၀၀ိ/- | ၅၉၀၀၀ိ/- | ၁၇၇၀၀၀ိ/- |

၄၁၃၀၀၀

(ခ)တောင်းဆိုသူ ဒေါ်ယမင်းထက်မှာ မတရားအလုပ်ထုတ်ခံရ၍ အလုပ်ပြန်လုပ်လိုကြောင်း တင်ပြရာ အလုပ်ပြန်ခန့်ရန်နှင့် အလုပ်မှရပ်စဲသည့်နေ့မှစ၍ အလုပ်ပြန်လည်ခန့်အပ်သည့်နေ့အထိ ရက်ပြည့်လုပ်သည့်နောက်ဆုံးထုတ်လစာ (OTမပါ )နှုန်းဖြင့် တွက်ချက်ပေးရန်ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၅၃/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် MDM Indrstry Co.,Ltd ပိုင်ရှင် Mr.Song Kwanbok မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၄၄/၂၀၁၆) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စားလှယ် ဥက္ကဋ္ဌ

ဦးအေးငွေ၊ အလုပ်ရှင်ကိုယ်စားလှယ် အဖွဲ့ဝင် ဦးသန်းမောင်နှင့် အလုပ်သမားကိုယ်စားလှယ် အဖွဲ့ဝင် ဦးဌေးတို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ ဒေါ်ငြိမ်းငြိမ်းအေးပါ (၃)ဦး အလုပ်ထုတ်ခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေး ရထိုက်/မရထိုက် (သို့မဟုတ်) အလုပ်ပြန်ခန့်ထိုက်/ မခန့်ထိုက်။

<u>လေ့လာတွေ့ရှိချက်</u>

၇။ အငြင်းပွားမှုဖြစ်ပွားရသည်မှာ ထူးထွေဆန်းပြားမှုမရှိပါ။ သင်္ကြန်ပိတ်ရက်မတိုင်မီ (၉-၄-၂၀၁၆)ရက်နေ့တွင် စက်ရုံ၌ အလုပ်ဆင်းနေကြရာမှ လိုင်းစူပါက မိမိတို့အား သတ်မှတ်တာဝန်ပေးထားသည့် အလုပ်ပြီးစီးသည်ဆိုပါက အပျော်သဘောကခုန်နိုင်ကြသည်ဟူ၍ အလုပ်သမားများကို ပြောဆိုထားခဲ့သည်ဟုဆိုသည်။ မငြိမ်းငြိမ်းအေးအပါအဝင် အလုပ်သမားများသည် ထိုနေ့ နံနက်ပိုင်း (၉:၀၀)နာရီကျော် အချိန်ခန့်တွင် သတ်မှတ်အလုပ်များ ပြီးစီးသွားသဖြင့် စက်ရုံရှိ လိုင်း(၄)လိုင်းမှ အလုပ်သမား (၆၀)ဦးခန့်က ပျော်ရွှင်စွာကခုန်ကြသည်ဟု ဆိုပါသည်။ ထိုနေ့တွင် အလုပ်ရှင်က ၎င်းတို့ကခုန်မှုအပေါ် မည်သို့မျှမပြောဘဲ သင်္ကြန်ပိတ်ရက်ကာလအပြီး (၂၁-၄-၂၀၁၆)ရက်နေ့တွင် အလုပ်ပြန်လည်ဝင်ရောက်သည့်အချိန်တွင်မှ ထိုနေ့က အလုပ်ချိန်အတွင်း ကခုန်ခဲ့ကြသည့်အတွက် သတိပေးစာ ( Warning Letter )တွင် လက်မှတ်ရေးထိုးခိုင်း ကြောင်း တွေ့ရှိရပါသည်။

၈။ အလုပ်သမားများကလည်း လိုင်းစူပါက ပြောကြားထားခြင်းကြောင့် အလုပ်များပြီးပြတ်သွားသည့်အတွက် ကခုန်ခြင်းဖြစ်ကြောင်း၊ တစ်စုံတစ်ရာ စည်းကမ်းဖောက်ဖျက်ခြင်းလည်း မရှိပါကြောင်း၊ ယခင်ကလည်း စည်းကမ်းဖောက်ဖျက်မှုကြောင့် တစ်စုံတစ်ရာ ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့ရဖူးခြင်းမရှိပါကြောင်း ထွက်ဆိုပြောကြားမှုများကို လေ့လာတွေ့ရှိရပါသည်။

၉။ အလုပ်ရှင်က နံနက် (၁၀:၀၀)နာရီကျော်မှ ကခုန်ကြရန် ခွင့်ပြုထားကြောင်း၊ သို့ရာတွင် အလုပ်သမားများက ထိုအချိန်အထိမစောင့်ဘဲ ကခုန်ကြသည့်အတွက် စည်းကမ်းအရ အလုပ်သမားများကို အသိစိတ်ဓါတ်ဝင်ရန် သတိပေးစာ လက်မှတ်ရေးထိုးခိုင်းခြင်း ဖြစ်ပါသည်ဟူ၍ ထွက်ဆိုပြောကြားထားသည်ကို တွေ့ရှိရသည်။

၁၀။ အလုပ်သမားများကလည်း မိမိတို့သည် အပြစ်ကျူးလွန်ခြင်း မဟုတ်ပါကြောင်း၊ အလုပ်ရှင်က သတ်မှတ်ပေးထားသည့် ထုတ်ကုန်ပမာဏကို ကောင်းစွာထုတ်ပေးပြီးဖြစ်၍

ပျော်ရွှင်စိတ်ဖြင့် ကကြခုန်ကြခြင်းဖြစ်ကြောင်း၊ ထိုအချက်ကို အပြစ်ဟုသဘောထားပြီး သတိပေးစာ (Warning)လက်မှတ်ရေးထိုးခိုင်းခြင်းသည် မတရားဟု ထင်မြင်ပါကြောင်း၊ ထို့ကြောင့် ထိုကိစ္စကို အပြစ်ဟူ၍ အလုပ်ရှင်က သတ်မှတ်သည်ကို လက်မခံနိုင်ခြင်းသာဖြစ်ပါကြောင်းဟူ၍ ထွက်ဆိုပြောကြားချက်များကို လေ့လာတွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

၁၁။ အထက်ပါအငြင်းပွားမှုနှင့် စပ်လျဉ်း၍ အလုပ်သမားများက ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်ရှင်၊ အလုပ်သမားများအကြား ညှိနှိုင်းကြရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များအရ အသိပေးစာ (Warning Letter) ကို လက်မှတ်မထိုးသည့်အတွက် ၎င်းတို့ကို အလုပ်မှထုတ်ပယ်ခဲ့သည်မှာ ထင်ရှားနေပေသည်။

၁၂။ အလုပ်သမားများအပိုင်းတွင် ယခင်က အပြစ်တစ်စုံတစ်ရာ မှတ်တမ်းမရှိခဲ့ဘူးပေ။ ဤကဲ့သို့ သင်္ကြန်ပိတ်ရက်အကြိုနေ့တွင် ကခုန်သည်ကို အပြစ်ဟူ၍သတ်မှတ်ပြီး သတိပေးစာတွင် လက်မှတ်ရေးထိုးခိုင်းသည့်အချက်ကို အလုပ်သမားများက လက်မခံနိုင်ကြခြင်းဖြစ်ပေသည်။

၁၃။ ယခင်က တစ်ကြိမ်တစ်ခါမျှ အပြစ်မရှိခဲ့သူ အလုပ်သမားများကို သတိပေးမည်ဆိုပါက လုပ်ထုံးလုပ်နည်းအရ နှုတ်ဖြင့်သတိပေးခြင်း (Verbal Warning) သာလျှင်ဖြစ်သင့်ပေသည်။

၁၄။ အလုပ်ရှင်က အလုပ်သမားများကို တစ်ကယ်တမ်းအလုပ်မထုတ်သည်မှာ မှန်ကန်ပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် နှစ်ဖက်ညှိနှိုင်းစဉ်ကတည်းက ပြေလည်မှုရရှိခဲ့မည်သာ ဖြစ်ပေသည်။ ခုံသမာဓိကောင်စီအဆင့်သို့ ရောက်လာရန်လည်းအကြောင်းရှိမည် မဟုတ်ပါပေ။

အထက်ပါသုံးသပ်ချက်များပေါ်မူတည်၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုအမှတ်(၄၄/၂၀၁၆)နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း ဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှု အမှတ် (၅၃/၂၀၁၆) နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

ဦးသန့်မောင်
အဖွဲ့ဝင်

ဦးအေးငွေ
ဥက္ကဋ္ဌ

ဦးငွေး
အဖွဲ့ဝင်